## Encrypted လုပ်ထားတဲ့ drive ကို အသုံးပြုပါ

Encrypt လုပ်ထားတဲ့ drive ကို BitLocker ရှိတဲ့ PC မှာ တပ်လိုက်ပါ။ Drive ကို ဖွင့်ဖို့ password ရိုက်ထည့်ပါ။ Password မှားရိုက်မိရင် ရွှေရောင်သော့ပုံလေးတစ်ခု drive icon ပေါ်မှာ ပေါ်လာပါမယ်။ ပြီးရင် location not available/Access is denied ဆိုပြီး message လာပြမှာဖြစ်ပါတယ်။ Password မှန်ရင်တော့ အဲ့ဒီရွှေရောင်သော့လေးဟာ ပွင့်နေတဲ့ပုံစံလာပြမှာဖြစ်ပြီး တခြား drive တွေကို ဖွင့်သုံးသလို သုံးနိုင်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ တခြားနေရာက data တွေကို copy ယူလာရင်တော့ ချက်ချင်းဆိုသလို on-the-fly encrypt လုပ်လိုက်မှာ ဖြစ်ပါတယ်။

BitLocker to Go မရှိတဲ့ PC မှာ ဖွင့်မယ်ဆိုရင် ကိုယ့် drive ကိုဖွင့်လို့ရမှာ မဟုတ်တဲ့အပြင် drive ကို format လုပ်ဖို့ လာပြောနေမှာဖြစ်ပါတယ်။ BitLocker to Go ကို Windows XP ၊ Vista စက်တွေမှာ သုံးချင်ရင်တော့ BitLocker to Go Reader ကို *go.pcworld.com/BLTG Reader* ကတဆင့် ရယူထားရမှာ ဖြစ်ပါတယ်။

Drive ကိုတပ်တပ်ချင်းမှာ password ကို ရိုက်မထည့်နိုင်ဘူးဆိုရင် file explorer ကတဆင့် drive ရှိရာကို သွားပါ။ Drive အပေါ်မှာ right-click နှိပ်ပြီးပေါ်လာတဲ့ menu ကတဆင့် unlock drive ကိုရွေးပါ။

Drive က unlock ဖြစ်သွားတာနဲ့ BitLocker to Go မှာပါတဲ့ feature အသစ်တွေကိုအသုံးပြုနိုင်ပါတယ်။ Drive ကို right-click နှိပ်ပြီး manage BitLocker ကိုရွေးပါ။ Windows 8 UI မှာ BitLocker Drive Encryption Utility ကို ရှာပါ။ Password ပြောင်းတာ၊ smart card လဲတာ auto-unlock လုပ်တာ၊ BitL ocker တစ်ခုလုံးကို ပိတ်ခြင်းစတာတွေကို ဆောင်ရွက်နိုင်ပါတယ်။

## HDTV ပေါ်မှာ video stream တွေ တိုက်ရိုက်ကြည့်ရှုမယ်




Roku နဲ့ U Stream.tv မှ channel တွေကို ဖမ်းယူနိုင်ပါတယ်

Streaming Video တွေကို computer က ကြည့်ရတာ အဆင်ပြေပါတယ်။ ဒါပေမဲ့ အိမ်ရှေ့ဧည့်ခန်းက ခုံပေါ်မှာကြည့်တာလောက် သက်သောင့်သက်သာမရှိပါဘူး။ Computer ကို အိမ်ရှေ့ရွှေ့သွားဖို့ဆိုတာလည်း အခက်အခဲရှိနိုင်ပါတယ်။ အိမ်က TV မှာကြည့်ဖို့ဆိုတာကလည်း HD ဖြစ်မှ ရမှာပါ။ တကယ်လို့ ကိုယ့် computer ၊ laptop က HDMI ပါပြီးသားဆိုရင် ပထမအဆင့် အဆင်ပြေပါပြီ။ ကိုယ့် TV အနေနဲ့ PC ကထွက်လာတဲ့ HDMI ကို ပြပေးနိုင်တဲ့ HDTV ဖြစ်ဖို့ပဲ လိုပါတယ်။

Apple ပစ္စည်းတွေဖြစ်ကြတဲ့ Mac ၊ iOS device တွေဆိုရင်တော့ Apple TV ကိုသုံးပြီး PC display ကို TV ၊ ဒါမှမဟုတ် wireless ချိတ်ဆက်အသုံးပြုနိုင်ပါတယ်။ ဒါမှမဟုတ်လည်း HDMI adapter တစ်ခုဝယ်ပြီး TV နဲ့ PC အကြားမှာ ချိတ်ဆက်နိုင်ပါတယ်။ အသေးစိတ်ထပ်မံလေ့လာလိုပါက "How to Mirror Your iPad Display to Your HDTV" ဆိုတဲ့အကြောင်းကို *go.pcworld.com/mirror* မှာ လေ့လာနိုင်ပါတယ်။

အခုဖော်ပြပေးတဲ့ နည်းအတိုင်းပဲ HDMI out ကို ပြပေးနိုင်တဲ့ Android device တွေနဲ့လည်း ဆောင် ရွက်နိုင်ပါတယ်။ ဒီလိုမှမဟုတ်ရင် နောက်တစ်နည်းကတော့ TV နဲ့ ကိုယ့် computer အကြား HDMI adapter တပ်သလို Roku media player ကိုလည်း အသုံးပြုနိုင်ပါတယ်။

Roku ရှိပြီးသားဆိုရင်တော့ third-party channel တွေဖြစ်ကြတဲ့ Justin.TV ၊ Twitch.tv နဲ့ UStream တို့ကတဆင့် HD တွေကြည့်နိုင်ပြီ ဖြစ်ပါတယ်။ Xbox 360 သုံးစွဲသူတွေအတွက် မကြာခင်မှာ Twitch.tv app နဲ့ ချိတ်ဆက်နိုင်တော့မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ gold subscription လုပ်ထားဖို့တော့ လိုအပ်ပါတယ်။ Play station 3 သုံးစွဲသူတွေတော့ ကံမကောင်းပါဘူး။ အခုအချိန် အထိကတော့ PS 3 မှာ built-in ပါပြီးဖြစ်တဲ့ browser ကတဆင့် streaming service တွေရဲ့ feed တွေကို ဖတ်နိုင်ပေမဲ့ browser ရဲ့ ကန့်သတ်ချက်တွေကြောင့် နောက်ရေရှည်မှာ ဆက်လက်အလုပ်လုပ်ပေးနိုင်တော့မှာ မဟုတ်ပါဘူး။